THE LUTHERAN WORLD FEDERATION

actalliance

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

## ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံအားလုံးအတွက် အလှည့်ကျ ပုံမှန် သုံးသပ်စစ်ဆေးခြင်းဆိုင်ရာ  အစီရင်ခံစာ

## နိုင်ငံအားလုံးအလှည့်ကျ ပုံမှန်သုံးသပ် စစ်ဆေးခြင်း လုပ်ငန်းစဉ်ဆိုင်ရာ

## အလုပ်အဖွဲ့ ၏ ၂၃ ကြိမ်မြောက် အစည်းအဝေး။

## နိုဝင်ဘာလ (၂) ရက်နေ့မှ (၁၃)၊ ၂၀၁၅။

## ထိခိုက်ခံစားလွယ်သော အုပ်စုများ၏

## စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ရပိုင်ခွင့်များ

လူသရမ်ဖော့လ်ဖက်ဒရေးရှင်း မြန်မာစီမံကိန်း မှတင်ပြသည်။

**ဆက်သွယ်ရန်**


Dr. Ojot Miru Ojulu (ojot.ojulu@lutheranworld.org)

ပညာပေး စည်းရုံးရေး အရာရှိ၊ LWF ၏ နိုင်ငံတကာရေးရာနှင့် လူ့အခွင့်အရေးရုံး၊

၁၅၀ ရုပ်ဒီဖာနီ၊ ၁၂၁၁ ဂျနီဗာ၊ ဆွစ်ဇာလန်

http://www.lutheranworld.org/

Ms. Francesca Paola Traglia (dpc.mmr@lwfdws.org)

စီမံကိန်း ညှိနှိုင်းရေးမှူး၊ LWF မြန်မာ၊ အမှတ် ၄၄ ပြည်လမ်း၊ ဘိရှော့ဟုမ်း၊ ဒဂုံမြို့နယ်၊

စာတိုက်သေတ္တာအမှတ် ၃၂၉ ၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။

ဝက်ဆိုက်: www.lwfmyanmar.org

LWF ကို ဆွီဒင်နိုင်ငံ လမ်ဒ်မြို့၌ ၁၉၄၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး တစ်ကမ္ဘာလုံးရှိ နိုင်ငံပေါင်း ၇၉ နိုင်ငံမှ ခရစ်ယာန် ဘာသာဝင်ပေါင်း ၇၂ သန်းကို ကိုယ်စားပြုသော ဘုရားကျောင်းပေါင်း ၁၄၄ ခုနှင့် လက်တွဲ ဆောင်ရွက်လျှက်ရှိပါသည်။ LWF သည် ၁၉၅၂ ခုနှစ်ကတည်းကပင် ECOSOC တွင် အတိုင်ပင်ခံ အဖွဲ့ အစည်းတစ်ခုအဖြစ် ရပ်တည်လျက် ရှိပါသည်။ LWF မြန်မာသည် ၂၀၀၉ ခုနှစ်မှစ၍ အခြေခံ လူတန်းစား များနှင့် ထိခိုက်ခံစားလွယ်သော ရပ်ရွာလူထုများအတွက် ဆောင်ရွက်ပေးလျှက်ရှိသည့် ကမ္ဘာလုံးဆိုင်ရာ အကူအညီပေးရေးဌာန (DWS) ၏ နိုင်ငံတွင်း ဆောင်ရွက်နေသည့် စီမံကိန်းတစ်ခု ဖြစ်ပါ သည်။ LWF မြန်မာသည် ၎င်း၏ ရပ်ရွာအခြေပြုလုပ်ငန်းများကို အရေးပေါ်ကာကွယ် စောင့်ရှောက်ရေး၊ အသက်မွေးဝမ်း ကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး၊ ရေနှင့် သန့်ရှင်းရေး၊ ဘေးအန္တရာယ် လျော့ချရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကဏ္ဍများတွင် အဓိကဆောင်ရွက်လျှက်ရှိပါသည်။

**အနှစ်ချုပ်**

၁။ ဤအစီရင်ခံစာကို ကွင်းဆင်းစစ်တမ်းများ၊ အုပ်စုလိုက်ဆွေးနွေးခြင်းများ၊ တစ်ဦးချင်းတွေ့ဆုံ မေးမြန်းခြင်းများမှ ရရှိသည့် အချက်အလက်များပေါ်တွင် အခြေခံ၍ ရေးသားထားခြင်းဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် မြေယာအရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (LCG) နှင့် ကျား၊မ တန်းတူညီမျှရေး ကွန်ယက် (GEN) မှ ကိုယ်စားလှယ်များ၊ ACT မိတ်ဖက် အဖွဲ့အစည်းများ၊ LWF မြန်မာမှ ဝန်ထမ်းများ၊ ဒေသတွင်း အစိုးရအဖွဲ့ ကိုယ်စားလှယ်များနှင့် အမျိုးသမီးများ၊ အမျိုးသား များ၊ လူငယ်အုပ်စုများအားလုံးနှင့် (၁၆) ကြိမ်တိုင်တိုင် ညှိနှိုင်းဆွေးနွေး အကြံပြုခြင်းများ ပြုလုပ်ခဲ့ ပါသည်။ ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မှ စုစုပေါင်း လူဦးရေ (၃၀၃) ဦး (အမျိုးသား ၁၃၄ ဦး၊ အမျိုးသမီး ၁၆၉ ဦး) ပါဝင်ခဲ့ကြပါသည်။

၂။ မြေယာပိုင်ဆိုင်ခွင့်၊ ရေရရှိခွင့်၊ တရားဝင်အထောက်အထား ပိုင်ဆိုင်ခွင့်၊ နိုင်ငံသားဖြစ်ခွင့်၊ အမျိုးသမီးများ၏ အခွင့်အရေးစသည့် အချက်များနှင့် သက်ဆိုင်သည့် အဓိကအကြံပြုချက်များနှင့် တွေ့ရှိချက်များကို ဤအစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြထားပါသည်။

၃။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘာတူညီချက် (CRC)၊ ကလေးသူငယ်များ ရောင်းချခြင်း၊ ကလေးသူငယ် လိင်ခိုင်းစေမှုနှင့် လိင်စိတ်နိုးဆွမှုအတွက် ကလေးသူငယ်များအား အသုံးပြုမှုဆိုင်ရာတို့အတွက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူညီချက်၏ နောက်ဆက်တွဲ လုပ်ထုံးလုပ်နည်းကျင့်ဝတ် (CRC-OP-SC)၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူညီချက် (CEDAW)၊ မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ သဘောတူညီချက် (CRPD) များကို လက်မှတ် ရေးထိုးထားပြီး ဖြစ်ပါသည်။

## ၁။ မြေယာပိုင်ဆိုင်ခွင့်

၄။ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀%သည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိကြပြီး စိုက်ပျိုးရေး လုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက် ရှိပါသည်။ အများစုမှာ ကျေးလက်ဒေသများရှိ လယ်မြေများပေါ်တွင် တစ်နိုင်တစ်ပိုင် လုပ်ကိုင်စားသောက်နေကြသော လယ်သမားငယ်များ ဖြစ်ကြပါသည်။ နိုင်ငံ၏ ဒေသအတော်များများ၌ နိုင်ငံတော်၏ အကြီးစား မြေယာသိမ်းဆည်းမှု များကြောင့် လယ်သမားငယ်များသည် ၎င်းတို့မြေယာများမှာ ပြောင်းရွှေ့ပေးရပြီး ကျေးလက် ဒေသ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရပါသည်။

၂၀၁၁[1] ခုနှစ်ကတည်းမှစတင်၍ မြန်မာနိုင်ငံ၌ မြေယာပိုင်ဆိုင်ခွင့်နှင့် သက်ဆိုင်သော အကြမ်းဖက်မှုများကို ပိုမိုမြင်တွေ့လာရပါသည်။ နိုင်ငံတော်အစိုးရမှ မြေယာအငြင်းပွါးမှုများကို ဖြေရှင်းရန် အဖွဲ့နှစ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီနှင့် သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၂ ခုနှစ် ဇူလိုင်လ[2] တွင် ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်ကြားမှု ပေါင်း[3] ၂၆၀၀၀ ရှိခဲ့ပါသည်။ သို့သော် အလုပ်အမှုဆောင်အဖွဲ့များသည် မြေယာ

[1] လူ့အခွင့်အရေးနှင့်ဆိုင်သည့် တိုင်ကြားမှုများအား အဓိက ဖြစ်ပေါ်စေသည့် မြေယာအငြင်းပွါးမှုကိစ္စ။ နီဘာယ်လ်ဇော်၊ ရောဝတီ၊ ဗုဒ္ဓဟူးနေ့၊ နိုဝင်ဘာ ၁၂ ရက် ၂၀၁၄။

[2] မြန်မာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍ - ကျယ်ပြန့်သော သက်ရောက်မှု ဆန်းစစ်ချက် (SWIA)

[3] အလဲဗင်း - စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ ထောင်ပေါင်းများစွာသော မြေယာအငြင်းပွါးမှုများအား ကျေနပ်ဖွယ်ရာမရှိသည့် ကိုင်တွယ်ဖြေရှင်းမှု။ (စက်တင်ဘာ ၂၇ ရက်၊ ၂၀၁၄။)

သိမ်းယူခြင်းများနှင့် အငြင်းပွါးမှုများ[4] ပါဝင်သည့် တိုင်ကြားမှုများကိုသာ ဖြေရှင်းရန် ရှန်းကန်ကြိုးစားနေခဲ့ကြပါသည်။

၅။ လယ်သမားများ၏ ဆွေးနွေးအကြံပြုချက်များအရ မြေယာခွဲဝေခြင်းနှင့် အသုံးပြုခြင်းများနှင့် ပတ်သည်ပြီး အဓိကကြုံတွေ့ရသည့် ပြဿနာမှာ သက်ဆိုင်ရာ ဥပဒေများ ရှင်းရှင်းလင်းလင်းနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်း ၊ လက်ရှိ လုပ်ဆောင်နေသည့် လုပ်ထုံးလုပ်နည်းများ အားကောင်းမှု မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ မြေယာများမှတ်ပုံတင်ခြင်းနှင့် မြေယာအငြင်းပွါးမှုများအား ဖြေရှင်းခြင်းအတွက် စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ကို စောင့်ကြည့် လေ့လာခြင်း (သို့မဟုတ်) တသမတ်တည်း ပြုလုပ်ရန် ရေးဆွဲထားသော ညွှန်ကြားချက်များ မရှိပါ။ အထူးသဖြင့် အကြီးစား ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ (သို့မဟုတ်) စစ်တပ်စခန်းများ နေရာချခြင်းနှင့် စပ်လျဉ်းသော ကိစ္စရပ်များတွင် ဖြစ်သည်။ ထိုအချက်သည် ဆောင်ရွက်မှုများကို သံသယများ ပိုမိုကြီးထွားစေကာ အကျင့်ပျက်ခြစားခြင်းများနှင့် မမှန်မကန် လုပ်ဆောင်ခြင်းများ[5] အပေါ် စွပ်စွဲ တိုင်တန်းမှုများ ပိုမိုများပြားလာစေပါသည်။

၂၀၁၄ခုနှစ် ဇန်နဝါရီလတွင် စစ်တပ်မှ မြေယာများကို နိုင်ငံပိုင် သိမ်းယူခြင်းများ ရပ်တန့်ရန် ကတိကဝတ်များပေးကာ တရားဝင်တောင်းပန်ခဲ့ပြီး သိမ်းဆည်းထားသည့် မြေယာအချို့ကို စတင်ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း[6] ပြောကြားခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ လျော်ကြေး မရရှိသေးသော (သို့မဟုတ်) သိမ်းဆည်းခံထားရသော မြေယာများ ပြန်လည်မရရှိသေးသော လယ်သမားများ ထောင်ပေါင်းများစွာ ရှိနေဆဲဟု ယုံကြည်ရပါသည်။

၆။ တဆက်တည်းမှာပင် ရှည်ကြာသော ပြည်တွင်းစစ်ပွဲများကြောင့် မိမိတို့၏ လယ်ယာမြေများကို စွန့်ခွါခဲ့ရသည့် ကရင်ပြည်နယ်မှ ရွာသူရွာသားများကဲ့သို့ နိုင်ငံသားစီစစ်ရေးကဒ်ပြား (CSC) မရှိ

[4] ရောဂတီ - မြေယာအငြင်းပွါးမှုများအား ဖြေရှင်းရန် အစိုးရအား လွှတ်တော်မှ နောက်ဆုံးထား ဖြေရှင်းရမည့် ရက် သတ်မှတ်ပေးခြင်း။ ( ဖေဖော်ဝါရီ ၂၀၊ ၂၀၁၄။)
[5] LWF မြန်မာ၏ ၂၀၁၅ခုနှစ် အလှည့်ကျ ပုံမှန် သုံးသပ်စစ်ဆေးခြင်း ဆိုင်ရာ အနှစ်ချုပ် အစီရင်ခံစာ၊ မြေယာလုပ်ကိုင်နိုင်မှု စာစဉ် (၁) ပါ ဖြစ်ရပ်လေ့လာမှုများအား ကြည့်ပါ။
[6] မဇ္ဈိမ၊ တပ်မတော်မှ မြေယာသိမ်းယူမှုများအား ဒုသမ္မတမှ ကာကွယ်ပြောကြားခြင်း၊ (မေ ၁၂၊ ၂၀၁၄)

သူများ [7] နှင့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားသည့် ရွာသူရွာသားများသည် ၎င်းတို့၏ မြေယာများကို ပြန်လည်တောင်းဆိုရာတွင်[8] လည်းကောင်း၊ နေရာအသစ်တွင် မြေယာမှတ်ပုံတင်ခြင်းများ ပြုလုပ်ရာတွင်လည်းကောင်း ကြီးမားသောအခက်အခဲများ ကြုံတွေ့လျက် ရှိပါသည်။

၇။ လက်ရှိ လယ်ယာမြေဥပဒေတွင် လယ်သမားများသည် လယ်ယာမြေများကို စဉ်ဆက်မပြတ် လုပ်ကိုင်ရမည်ဟု ပါရှိသည့်အတွက် ရွှေ့ပြောင်းတောင်ယာများ လုပ်ကိုင်လျက်ရှိသည့် ချင်းပြည်နယ်မှ လယ်သမားများ၏ အခွင့်အရေးများအတွက်မူ နောက်ထပ်သဘောတူညီမှု ရယူရမည် ဖြစ်ပါသည်။

## ၂။ ရေရရှိခွင့်

၈။ မြန်မာနိုင်ငံလူဦးရေ၏ ၆၉.၄ % သာ လုံခြုံစိတ်ချရသည့် ရေကို လက်လှမ်းမီ သုံးစွဲနေရသော်လည်း နိုင်ငံတော်၏ ရေအရင်းအမြစ်များကို အသုံးချမှုသည် ၅ % သာရှိပါသည်။[9] ရှင်းလင်းပြတ်သားမှုမရှိသည့် ဥပဒေများနှင့် ၎င်းတို့ကို လုပ်ဆောင်ရန် လုပ်ငန်းညွှန်ကြားချက်များ၊ ရေပေးဝေရေးနည်းစနစ်များ၊ အရင်းအမြစ်များအား စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာမှု နည်းစနစ်များ တိကျမှုသေချာမှုမရှိခြင်းသည် အန္တရာယ်ကင်းသော ရေကို ရရှိရန်နှင့် လက်လှမ်းမီမှုရှိရန် အလွန်ကြီးမားသည့် အဟန့်အတားများ ဖြစ်ကြောင်း တွေ့ဆုံမေးမြန်းခဲ့သည့် ရပ်ရွာလူထု အားလုံးမှ ဆိုပါသည်။

၉။ အရည်အသွေးပြည့်မီသော မြေအောက်ရေရရှိရန်နှင့် စောင့်ကြည့်လေ့လာရန် အစိုးရတွင် ကောင်းမွန်သည့် ယန္တယားစနစ် မရှိခြင်းသည် ရပ်ရွာလူထု၏ ကျန်းမာရေးကို အကြီးအကျယ် ခြိမ်းခြောက်လျက် ရှိပါသည်။ စက်ရုံမှ အညစ်အကြေးများ မြစ်ထဲသို့ တိုက်ရိုက်စွန့်ပစ်ခြင်းကဲ့သို့သော လက်ရှိပြုမူလျှက်ရှိသည့် အလေ့အထများနှင့် ဥပဒေချိုးဖေါက်မှုများသည် ရေ၏အရည်

---

[7] မြေယာအရေး ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (LCG) နှင့် ကျားမ တန်းတူညီမျှရေး ကွန်ယက် (GEN) တို့နှင့် လူတွေ့မေးမြန်းခြင်းမှ တွေ့ရှိချက်များ။ LWF မြန်မာ၏ ၂၀၁၅ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ကြားဖြတ် သုံးသပ်မှု နီးနှောမှုများ အနှစ်ချုပ် အစီရင်ခံစာတွင် အသေးစိတ်အား ကြည့်ပါ။

[8] LWF မြန်မာ၏ ၂၀၁၅ခုနှစ် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် အလှည့်ကျပုံမှန် သုံးသပ်စစ်ဆေးခြင်းဆိုင်ရာ အစီရင်ခံစာ၊ မြေယာလုပ်ကိုင်နိုင်မှု စာစဉ် (၁) ပါ ဖြစ်ရပ်လေ့လာမှုများအား ကြည့်ပါ။

[9] မြန်မာနိုင်ငံတွင် ရေနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲရေး။ ကိုးရီးယားနိုင်ငံ၊ ဆိုးလ်မြို့၊ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် တင်ပြသော အာရှ ရေနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲရေး အစည်းအဝေးတွင် တင်ပြမှု။ နည်းစနစ်များနှင့် ဥပဒေများ၊ ဘိုနီ၊ ညွှန်ကြားရေးမှူး၊ ရေပေးဝေရေး ဌာန၊ သစ်တောဦးစီးဌာန။

အသွေးကို အန္တရာယ်ဖြစ်စေနိုင်ပြီး အနီးပတ်ဝန်းကျင်ရှိ ရပ်ရွာလူထုများ၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိကာ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ဖြစ်ပေါ်စေကြောင်း စစ်တမ်းမှ ဖော်ပြလျက်ရှိပါသည်။[10]

၁၀။ ကျေးရွာအချို့ရှိ ရေလှောင်ကန်များသည် ရပ်ရွာလူထုအား ပူပြင်းခြောက်သွေ့သော နွေရာသီတွင် ရေအလုံအလောက် ပံ့ပိုးပေးနိုင်ခြင်းမရှိသောကြောင့် ရွာသားများသည် ပြင်ပရေအရင်းအမြစ်များကို မှီခိုနေကြရပါသည်။ ဤပြဿနာကို ဖြေရှင်းရန် လုပ်ထုံးလုပ်နည်းများ (သို့မဟုတ်) အခြေခံအဆောက်အဦမရှိကြောင်း ရပ်ရွာလူထုအား စစ်တမ်းကောက်ယူခြင်းမှ ဖော်ပြလျက် ရှိပါသည်။ ရပ်ရွာသူ ရပ်ရွာသားများသည် စရိတ်မျှခံပြီး မော်တော်ဘုတ်ငယ်များ (သို့မဟုတ်) စက်ဘီးများဖြင့် ရေသွားခပ်ခြင်း၊ တစ်ခါတစ်ရံတွင် ရေပိုမိုရရှိရေးအတွက် တာဝန်ရှိသူများအား လာဘ်လာဘများပေးခြင်း ကဲ့သို့သော နည်းလမ်းများ အသုံးပြုနေရပါသည်။

၁၁။ ထို့အပြင် လက်ရှိ မြန်မာနိုင်ငံ၌ အန္တရာယ်ကင်းသော ရေကို ညီတူညီမျှ လက်လှမ်းမီရရှိရေးကို ဟန့်တားနေသည့် တိုင်ကြားမှုများကို ကိုင်တွယ်ဖြေရှင်းရန် ကောင်းမွန်စွာ လည်ပတ်နေသည့် မူဝါဒများ၊ အလေ့အကျင့်များ၊ ခွဲခြားဆက်ဆံခြင်းဆိုင်ရာ ဥပဒေမူဘောင်များ စသည့် စနစ်များ ရှိမနေသေးပါ။

## ၃။ တရားဝင် အထောက်အထားတစ်ခုပိုင်ဆိုင်ခွင့်

၁၂။ အသက် ၅ နှစ်အောက် ကလေးငယ် ၁၀ ဦးအနက် ၃ ဦးမှာ မွေးစာရင်းမရှိပါဟု UNICEF[11] က ဖော်ပြထားပါသည်။ ရန်ကုန်မြို့ရှိ ကလေးသူငယ်အများစုမှာ စာရင်းသွင်း မှတ်ပုံတင်ထားမှု ခံထားရသော်လည်း ချင်းပြည်နယ်ရှိ ကလေး ၇၆ % မှာ မွေးစာရင်းမရှိပါ။ လက်နက်ကိုင် ပဋိပက္ခဒဏ်ခံစားရသော ကလေးသူငယ် ၃၅ %မှာ စာရင်းသွင်းမှတ်ပုံတင်ထားခြင်း မခံကြရပါ။[12] ဤ

[10] LWF မြန်မာ၏ ၂၀၁၅ခုနှစ် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် အလှည့်ကျပုံမှန် သုံးသပ်စစ်ဆေးခြင်းဆိုင်ရာ အစီရင်ခံစာ၊ မြေယာလုပ်ကိုင်နိုင်မှု စာစဉ် (၂) ပါ ရေရရှိခွင့် ဖြစ်ရပ်လေ့လာမှုများအား ကြည့်ပါ။

[11] မြန်မာနိုင်ငံတွင် မွေးစာရင်းမှတ်ပုံတင်ခြင်းဆိုင်ရာ စတင်ဆောင်ရွက်သည့် ပထမဆုံးရက်သတ္တပတ်။ http://www.unicef.org/myanmar

[12] အပိုဒ်ခွဲ ၇၊ တွင် မွေးစာရင်းမှတ်ပုံတင်ခြင်းအား ခိုင်မာစွာ သတ်မှတ်ထားသည့် အချက်မှာ မွေးဖွါးပြီးလျှင်ပြီးခြင်း မွေးစာရင်း မှတ်ပုံတင်ရမည်ဟူ၍ ဖြစ်သည်။ ဤမှတ်ပုံတင်ခြင်းသည် အလွန်ပင် အရေးကြီးကာ မွေးစာရင်းမှတ်ပုံတင်ခြင်အား မွေးပြီးလျှင်ပြီးချင်း ပိုမိုပြုလုပ်လာစေရန် အရေးပါသော လှုံ့ဆော်စည်းရုံးပွဲများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ ဤမှတ်ပုံတင်ခြင်းသည် အပိုဒ်ခွဲ ၇ တွင် ဖော်ပြထားသည့် အခြားအခွင့်အရေးများဖြစ်သည့် အမည်နာမရှိခွင့်၊ နိုင်ငံသားဖြစ်ခွင့် အစရှိသည်တို့အတွက်လည်း အလွန်အရေးပါလှပါသည်။ အပိုဒ်ခွဲ ၇ တွင်

အချက်သည် လူတစ်ဦးချင်းစီအား တရားဝင်အသိအမှတ်ပြုမှုကို အတည်ပြုပေးသည့် အဓိက မှတ်တမ်းတစ်ခုဖြစ်သော နိုင်ငံသားစီစစ်ရေးကဒ်ပြား (CSC) ရရှိရန် ကြီးမားသည့် အဟန့်အတား ဖြစ်ပါသည်။

၁၃။ နိုင်ငံတော် အစိုးရသည် ၂၀၁၄ ခုနှစ်ကတည်းကပင် ဤကိစ္စကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ဒေသတိုင်း၌ မွေးစာရင်းမှတ်ပုံတင်ထားရှိမှု တိုးတက်လာစေရန် အချို့သော အဓိကလုပ်ငန်း များကို လုပ်ဆောင်နေကြသော်လည်း စိန်ခေါ်မှုများရှိနေဆဲဖြစ်ပါသည်။ မွေးစာရင်းမှတ်ပုံတင်ခြင်း အား ပြုလုပ်ရန်အတွက် အဓိကအဟန့်အတားများမှာ မွေးစာရင်းမှတ်ပုံတင်ခြင်းနှင့် မွေးစာရင်း စာရွက်၏ အရေးပါမှုကို သိရှိနားလည်မှု အားနည်းနေခြင်း ၊ အစိုးရမှ ဖြည့်ဆည်းပေးနိုင်စွမ်းများ အားနည်းနေခြင်း၊ အချိန်နှင့် ငွေကုန်ကြေးကျမှုများ ရှိနေခြင်း၊ ကျန်းမာရေးဌာနနှင့် အခြားတာဝန် ရှိသော ဌာနများမှ မှတ်ပုံတင်သော နည်းစနစ်များအား တသတ်မတ်တည်း စီမံခန့်ခွဲမှု မရှိခြင်းတို့ ဖြစ်ကြသည်ဟု စစ်တမ်းကောက်ယူမှုမှ ဖော်ပြနေပါသည်။[13] ထို့အပြင် မွေးစာရင်းမှတ်ပုံတင်မှုကို ပြုလုပ်ပေးနေသည့် ဒေသများ၌ပင် သားဖွားဆရာမများသည် ၎င်းတို့တာဝန်ကျသည့် ဒေသတွင် မွေးဖွားသော်လည်း ၎င်းတို့ကိုယ်တိုင် မွေးဖွားပေးခြင်း မဟုတ်လျှင် သို့မဟုတ် အခြားသားဖွား ဆရာမများ တာဝန်ယူသည့် ဒေသများမှ ကလေးများဖြစ်နေလျှင် မွေးစာရင်းထုတ်ပေးရန် ငြင်းဆန် ခြင်းများ ရှိကြသည်ဟု ရပ်ရွာလူထုများအား စစ်တမ်းကောက်ယူရာတွင် ဖော်ပြကြပါသည်။

## ၄။ နိုင်ငံသားဖြစ်ခွင့်

၁၄။ မွေးစာရင်း မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စများကြောင့် မြန်မာနိုင်ငံ လူဦးရေမှ အများစု သည် နိုင်ငံသားဖြစ်ခွင့် ဥပဒေတွင် အကျုံးဝင်သော်လည်း နိုင်ငံသားစီစစ်ရေးကဒ် (CSC) မရ ကြပါ။[14] ဝေးလံခေါင်သီသော ဒေသများနှင့် အစိုးရတိုက်ရိုက်အုပ်ချုပ်မှု မရှိသည့် ဒေသများတွင် လည်း[15] ထို့အတူပင် ဖြစ်ပါသည်။

---

သုံးနှုန်းထားသည့် စကားလုံးများသည် အပိုဒ် ၁၅ (၁)၊ အပိုဒ် ၂၄ (၃) တို့နှင့် အလားသဏ္ဍာန်တူပါသည်။ သို့သော် အပိုဒ်ခွဲ ၇၊ ဒုတိယ အပိုဒ်တွင် ဤအခွင့်အရေးကို အကောင်အထည်ဖော်ဆောင်မှု သေချာစေရန် နိုင်ငံတော်မှ ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားပါသည်။

[13] LWF မြန်မာ၏ ၂၀၁၅ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ကြားဖြတ် သုံးသပ်မှု နီးနှောမှုများ အနှစ်ချုပ် အစီရင်ခံစာ၊ မြေယာလုပ်ကိုင်နိုင်မှု စာစဉ် (၃) ပါ မွေးစာရင်းမှတ်ပုံတင်ခွင့် ဖြစ်ရပ်လေ့လာမှုများအား ကြည့်ပါ။

[14] ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေသည် ပထမ အင်္ဂလိပ်-ဗမာစစ်ပွဲ ကနဦးပိုင်းတွင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် တိုင်းရင်းသား မျိုးနွယ်စုများအပေါ် အကျိုးသက်ရောက်ဆဲ ဖြစ်ပါသည်။ ပြည်နယ် နိုင်ငံသားဖြစ်မှုအစီရင်ခံစာအနေဖြင့် ယင်းတိုင်းရင်းသားအုပ်စုများ နိုင်ငံသား

၁၅။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနသည် ၂၀၁၁ ခုနှစ်တွင် မိုးပွင့် စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ပြီး လူတိုင်းအား နိုင်ငံသားဖြစ်ခွင့် အချက်တစ်ချက်ချက်နှင့် ကိုက်ညီပါက နိုင်ငံသားစီစစ်ရေးကဒ်ပြားများ ထုတ်ပေးရန် ရည်ရွယ်သည့် စီမံကိန်း ဖြစ်ပါသည်။ သို့မှသာ ၄င်းတို့သည် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်နိုင်မည် ဖြစ်ပါသည်။ နိုင်ငံသားစီစစ်ရေးကဒ်၏ အရေးပါပုံကို သိရှိမှု အားနည်းခြင်း ၊ နိုင်ငံသားစီစစ်ရေးကဒ် လျှောက်ထားရန် လုပ်ထုံးလုပ်နည်း အဆင့်ဆင့်အား ရှင်းလင်းစွာ မသိရရှိခြင်း၊ အစိုးရမှ ဖြည့်ဆည်းပေးနိုင်စွမ်းများ အားနည်းနေခြင်း ၊ (အစိုးရမှ အခကြေးငွေမယူဘဲ တစ်ကြိမ်တည်း နှင့်အပြီး ဆောင်ရွက်ပေးမည်ဟု ကြော်ငြာထားစေကာမူ[16]) အချိန်နှင့် ငွေကုန်ကြေးကျမှုများ ရှိနေခြင်း၊ နိုင်ငံသားစီစစ်ရေးကဒ်ပြား ထုတ်ပေးသည့် စီမံချက်နှင့် ပတ်သတ်သည့် သတင်းအချက်အလက်များအား မသိရှိခြင်း၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တရားဝင် မှတ်ပုံတင်ခြင်း နည်းစနစ်အား စီမံခန့်ခွဲမှုနှင့် လျှောက်ထားမှု လုပ်ထုံးလုပ်နည်းများ တသတ်မှတ်တည်းမရှိခြင်း စသည့်အချက်များကြောင့် အောင်မြင်မှုရရှိရန် စိန်ခေါ်မှုများရှိနေဆဲဖြစ်ပါသည်။

၁၆။ စစ်တမ်းကောက်ယူမှုမှ ဖော်ပြချက်များအရ မှတ်ပုံတင်ရာတွင် လူမျိုးစုနှင့် ဘာသာရေးအပေါ် အခြေခံသော သိသိသာသာ ခွဲခြားဆက်ဆံမှုများ ရှိနေသလို အစိုးရအရာရှိများ၏ အကျင့်ပျက်ခြစားခြင်းနှင့်/ သို့မဟုတ် အရေးကြီးသော အချက်အလက်များအား အလိုရှိသလို ပြောင်းလဲခြင်းများရှိကြောင်း ဖော်ပြထားသည်။ လူဝင်မှုကြီးကြပ်ရေး ဝန်ထမ်းတစ်ဦးသည် လိုအပ်သော စာရွက်စာတမ်းအပြည့်အစုံရှိသည့် ဗမာမိန်းကလေးတစ်ဦးအား အိန္ဒိယလူမျိုးနှင့် ရုပ်ရည်ဆင်သည်ဟူသော အကြောင်းပြချက်ဖြင့် နိုင်ငံသားစီစစ်ရေးကဒ် ထုတ်ပေးရန် ငြင်းဆန်ခဲ့ကြောင်း တိုင်တန်းမှုရှိခဲ့ပါသည်။ အခြားတွေ့ဆုံမေးမြန်းမှုတစ်ခုမှလည်း ဗုဒ္ဓဘာသာ၊ ဗမာလူမျိုး မဟုတ်သည့် လူနည်းစုများ၏ နိုင်ငံသားစီစစ်ရေးကဒ်ပြားတွင် လူမျိုးနှင့် ဘာသာ ခေါင်းစဉ်အောက်၌ အချက်အလက်များ

---

ဖြစ်ခွင့်ရှိ/မရှိကို ဆုံးဖြတ်နိုင်ပါသည်။ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေအရ နိုင်ငံသားဖြစ်ခွင့်ပုံစံ ၂မျိုးရှိပါသည်။ (၁) မွေးရာပါနိုင်ငံသား (၂) ဥပဒေအရနိုင်ငံသား

[15] UDHR အပိုဒ် ၅ နှင့် (လူတိုင်းတွင် နိုင်ငံသားဖြစ်ခွင့်ရှိသည်၊ အာဏာရှင်ဆန်သော အနိုင့်ကျင့်မှု သို့မဟုတ် နိုင်ငံသားအဖြစ် ငြင်းပယ်မှု) အညီ အကျယ်တဝင့် ရှင်းလင်းချက်အဖြစ် နှင့် အပိုဒ် ၂၄-၃ ICCPR သည် (ကလေးတိုင်းတွင် နိုင်ငံသားဖြစ်ပိုင်ခွင့် ရှိသည်) ဖြစ်ကြောင်း ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက် အပိုဒ် ၇ နှင့် ၈ တွင် တိတိကျကျ ဖော်ပြပါရှိပါသည်။

[16] ကရင်သတင်းတွင် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီး ဦးခင်ရီအား တွေ့ဆုံမေးမြန်းခြင်းမှ http://karennews.org/2012/09/id-card-program-begins-in-eastern-burma.html/

မှန်ကန်စွာ ဖြည့်သွင်းပေးခြင်းမရှိကြောင်း ဖော်ပြထားပါသည်။ ဤအချက်သည် ပါတီနိုင်ငံရေး ကိုယ်စားပြုမှုများအတွက် အခွင့်အရေးများ အလွန်အမင်း ကန့်သတ်ခံရနိုင်ချေရှိခြင်းနှင့် မှားယွင်းစွာကိုယ်စားပြုမှုများရှိနေခြင်းကြောင့် သန်းခေါင်စာရင်းအချက်အလက်အပေါ်တွင် အကြီးအကျယ် သက်ရောက်မှုရှိနေပါသည်။

## ၅။ အမျိုးသမီးများ၏ အခွင့်အရေး

၁၇။ ၂၀၁၃ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံ အစိုးရသည် **အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ ၂၀၁၃-၂၀၂၂** (NSPAW) အား လူအများ သိရှိစေရန် ထုတ်ပြန်ခဲ့ပါသည်။ သို့သော် ထိုမဟာဗျူဟာ စီမံကိန်းတွင် ပါရှိသည့် နယ်ပယ် ၁၂ ရပ်[17]အား အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန် အစိုးရဌာနများ အချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ မရှိခြင်း၊ ဘဏ္ဍာငွေ၊ လူသားအရင်းအမြစ် မလုံလောက်ခြင်း စသည်တို့ကြောင့် လုပ်ငန်းတိုးတက်မှု နှေးကွေးလျက် ရှိပါသည်။

၁၈။ လူမှုရေးနှင့် ယဉ်ကျေးမှု စံသတ်မှတ်ချက်များများအရ အမျိုးသားများအား ဆုံးဖြတ်ချက်ချသူများအဖြစ် ထုံးတမ်းစဉ်လာအရ သတ်မှတ်ကြပြီး အမျိုးသမီးများ၏ တန်းတူညီမျှ အဆုံးအဖြတ်ချပိုင်ခွင့်၊ အလုပ်အကိုင်ရရှိခွင့်၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ ပညာသင်ကြားခွင့်၊ မြေယာပိုင်ဆိုင်ခွင့်များသည် ဟန့်တားခံနေရဆဲဖြစ်ပါသည်။[18]ဤအချက်သည် လူထုဘဝနှင့် နိုင်ငံရေးကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်နိုင်ရေးအတွက် အဟန့်အတားများလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ အမျိုးသားလွှတ်တော်တွင် အမျိုးသမီးအဖွဲ့ဝင် ၄.၄၂% သာရှိပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်တွင်မူ အမျိုးသမီးအဖွဲ့ဝင် ၂.၈၃ % ရှိပြီး၊ မြို့နယ်အဆင့် အုပ်ချုပ်ရေးပိုင်းတွင် ၀ % နှင့် ရပ်ရွာခေါင်းဆောင်များတွင် ၀.၁၁ % သာ ရှိပါသည်။[19]

---

[17] အမျိုးသမီးများနှင့် သက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးများ၏ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး၊ အမျိုးသမီးများနှင့် ကျန်းမာရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ၊ အမျိုးသမီးများနှင့် စီးပွါးရေး၊ အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းယန္တယားများ၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေး၊ အမျိုးသမီးများနှင့် မီဒီယာ၊ အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးငယ်ရွယ်များ။

[18] LWF မြန်မာ၏ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် အလှည့်ကျပုံမှန် သုံးသပ်စစ်ဆေးခြင်းဆိုင်ရာ အစီရင်ခံစာ၊ မြေယာလုပ်ကိုင်နိုင်မှု စာစဉ် (၅) ပါ ကျားမတန်းတူညီမျှဖြစ်ခွင့် ဖြစ်ရပ်လေ့လာမှုများအား ကြည့်ပါ။

[19] ပြည်နယ် တိုင်းဒေသကြီး အစိုးရတွင် အမျိုးသမီးများ ပါဝင်လာရေး။ Paul Minoletti, June 2014

၁၉။ ထို့အပြင် မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများ ဘာသာခြားနှင့် အထူးထိမ်းမြားခြင်း၊ ကိုးကွယ်မှု ဘာသာကူးပြောင်းခြင်း ၊ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းနှင့် လူဦးရေတိုးပွား နှုန်းထိန်းညှိခြင်းဆိုင်ရာ ဥပဒေအသစ်များသည် အမျိုးသမီးများ၏ မိမိလက်ထပ်ထိမ်းမြားမည့်သူ အား လွတ်လပ်စွာ ရွေးချယ်ခွင့်ကို ချိုးဖောက်ခံရခြင်း၊ လွတ်လပ်စွာကိုးကွယ်ခွင့်ကို ပိတ်ပင်တားဆီး ခြင်းဖြစ်စေပြီး ဗုဒ္ဓဘာသာဝင်မဟုတ်သည့် အခြားလူနည်းစုများ (အထူးသဖြင့် အမျိုးသမီးများ) အား အကြမ်းဖက်မှုများကို ဖြစ်ပေါ်လာနိုင်စေပါသည်။[20] ထိုအချက်သည် CEDAW နှင့် အခြား နိုင်ငံတကာ သဘောတူညီမှုများကို ချိုးဖောက်ခြင်းလည်း ဖြစ်ပါသည်။[21]

၂၀။ မြန်မာနိုင်ငံတွင် ကျား၊ မကွဲပြားမှုအရ အကြမ်းဖက်ချိုးဖောက်မှုကိစ္စများကို ဖြေရှင်းရန်နှင့် ကာကွယ်ရန် ဥပဒေလမ်းကြောင်းများ မရှိပါ။ မိမိ၏ အမျိုးသမီးသည် အသက် ၁၄ နှစ်အောက် ငယ် နေမှသာ ခင်ပွန်းသည်မှအလိုမတူဘဲ အဓမ္မပြုကျင့်ခြင်းကို တရားစွဲဆို၍ ရနိုင်သည်။ [22] အိမ်တွင်း အကြမ်းဖက်မှု (သို့မဟုတ်) လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ မတော်မတရား အနှောက် အယှက်ပေးမှုတို့ကို ကာကွယ်ရန် တိကျသေချာသည့် ဥပဒေမရှိသေးပါ။ ထို့အတူ အမျိုးသမီး များအား အကြမ်းဖက်သူ အမျိုးသားများရန်မှ ကာကွယ်ရန် ခြေချုပ်အမိန့် ထုတ်ပြန်မှုများကို မရှာ ဖွေနိုင်ကြသေးပါ။[23] ကျား/မအခြေပြု အကြမ်းဖက်မှု (GBV)ကို အိမ်တွင်းရေးပြဿနာတစ်ခု အဖြစ် တာဝန်ရှိသူများကိုယ်တိုင် ကျယ်ကျယ်ပြန့်ပြန့် လက်ခံနေကြဆဲ ဖြစ်သောကြောင့် ထို ပြဿနာကို ဖြေရှင်းရန် အရေးယူမှုများမှာ နည်းပါးလျက် ရှိပါသည်။

[20] မေလ ၉ရက် ၂၀၁၄တွင် ဘာသာခြား လက်ထပ်မှုဆိုင်ရာ ဥပဒေကြမ်း ပြင်ဆင်ရာတွင် အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် အမျိုးသမီးအုပ်စုများ ပြောဆိုချက်။

[21] အခန်း ၆၉၊ အစီအစဉ်နံပါတ် ၆၈ (ဂ) လူ့အခွင့်အရေးများအား ကာကွယ်ပေးခြင်းနှင့် မြှင့်တင်ပေးခြင်း။ လူ့အခွင့်အရေး အခြေအနေများနှင့် အထူးသတင်းထောက်များနှင့် ကိုယ်စားလှယ်များ၏ အစီရင်ခံစာများ၊ (Distr: General၊ စက်တင်ဘာ ၂၃၊ ၂၀၁၄။)

[22] မြန်မာဥပဒေများနှင့် အမျိုးသမီးများအား ခွဲခြား ဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူညီချက်။ ကျား၊မ တန်းတူညီမျှရေး ကွန်ယက် (GEN) ၏ အမျိုးသမီး ဥပဒေများနှင့် ဆန့်ကျင်သည့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဖြစ်ရပ်။ ဇန်နဝါရီလ ၂၀၁၃။

[23] “*အကယ်၍ သူတို့တွင် မျှော်လင့်ချက်ရှိခဲ့ပါက ဖွင့်ဟပြောဆိုခဲ့လိမ့်မည်ဖြစ်သည်*” (မြန်မာ့ အမျိုးသမီးများ အဖွဲ့ချုပ်၊ နိုဝင်ဘာ ၂၀၁၄။)

## နိုင်ငံတော်မှ လေ့လာသုံးသပ်မှုများ ပြုလုပ်၍ ဆောင်ရွက်ရန် ထောက်ခံအကြံပြုချက်များ

ဖော်ပြပါ လေ့လာသုံးသပ်မှုကို အခြေခံ၍ အောက်ပါ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားရန် မြန်မာ အစိုးရအား တိုက်တွန်းလိုက်ပါသည်။

**ဥပဒေ မူဘောင်**

- ၂၀၁၀ ခုနှစ် UPR တွင် ကတိပေးခဲ့သည့်အတိုင်း နိုင်ငံသားနှင့် နိုင်ငံရေး ရပိုင်ခွင့်များ အပြည်ပြည် ဆိုင်ရာ ပဋိညာဉ်စာချုပ် ICCPR နှင့် အပြည်ပြည်ဆိုင်ရာ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ရပိုင်ခွင့် များဆိုင်ရာ ပဋိညာဉ်စာချုပ် ICESCR တို့တွင် လက်မှတ်ရေးထိုးရန်။

- တိုင်းပြည်မှ ကတိကဝတ် ပြုထားသည့်အတိုင်း လူ့အခွင့်အရေးများ အပြည့်အဝ ရရှိစေရန်နှင့် အားလုံး တန်းတူညီမျှမှုရှိစေရန် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် လိုအပ်သည်များအား ပြင်ဆင်ရေး ဆွဲရန်။ **နိုင်ငံသား** ဟု ခေါ်ဝေါ်သုံးစွဲမည့်အစား **မြန်မာနိုင်ငံတွင် နေထိုင်သည့် ပြည်သူများ အားလုံး** ဟု ပြင်ဆင်သုံးစွဲရန်။

- မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ဆန့်ကျင်မှုရှိသည့် ဥပဒေများကို ပြင်ဆင်ခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်းတို့ ပြုလုပ်ရန်။

- လူ့အခွင့်အရေးများကို မြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန်၊ ဥပဒေပြုရေးနှင့် လွတ်လပ်စွာ တရားစီရင်သော နည်းစနစ်ကို အကောင်အထည်ဖော်ရန် နိုင်ငံတကာမှ ပညာရပ်ပိုင်းဆိုင်ရာ အကူ အညီများ တောင်းခံရန်။

- ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ အားလုံးအတွက် ဥပဒေပိုင်းဆိုင်ရာအရ မရှိမဖြစ်လိုအပ်ချက်များ အတွက် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု အကဲဖြတ်ခြင်းများ ပြုလုပ်ရန်။

**မြေယာပိုင်ဆိုင်ခွင့်**

- နိုင်ငံတော် မြေယာပြန်လည်ပြုပြင်ရေးစနစ်ကို ရေးဆွဲပြီး ရပ်ရွာတွင်းရှိ မြေယာမဲ့ လယ်သမားများ အား မြေလွတ်မြေရိုင်းများ ပြန်လည်ပေးအပ်ရန်။

- ရှင်းလင်းတိကျသော တိုင်ကြားမှု စီမံကိုင်တွယ်ခြင်း ပုံစံပါရှိသည့် ရိုးရှင်းပြီး ထိရောက်သည့် မြေယာ မှတ်ပုံတင်ခြင်းစနစ်ကို ရေးဆွဲရန်။

- မြေယာမှတ်ပုံတင်ခြင်းနှင့် စာရွက်စာတမ်းများ အရေးကြီးကြောင်း အသိပညာပေးပွဲများကို ကျေးရွာများတွင် ပြုလုပ်ရန်။ ထိုသို့ပြုလုပ်ရာတွင် သတင်းအချက်အလက်များအနေဖြင့် မြေယာတန်ဖိုးမည်မျှဖြစ်သင့်သည်၊ စာရွက်စာတမ်းများထုတ်ပေးရန် မည်သူ့တွင် တာဝန်ရှိသည်၊ အငြင်းပွါးမှုများ ပေါ်ပေါက်လာပါက မည်သို့ပြုလုပ်ရမည် စသည်တို့ ပါဝင်ရပါမည်။ ဤသည်ကို စိုက်ပျိုးရေးဌာန၊ ရပ်ရွာအုပ်ချုပ်ရေးမှူးများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။

- စစ်တပ်မှ သဘောတူညီပြီး ဖြစ်သည့်အတိုင်း နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခဲ့သည့် မြေယာများကို သက်ဆိုင်ရာ လယ်သမားများထံသို့ ပြန်လည်အပ်နှံခြင်းကို စတင်ဆောင်ရွက်ရန်။[24]

- လက်ရှိ မြေယာပိုင်ဆိုင်မှု အငြင်းပွားမှုများ၊ လယ်သမားများအား ပိုင်ဆိုင်မှု အထောက်အထားများ ထုတ်ပေးရန်ကိစ္စများ၊ ၄င်းတို့၏မြေယာများ ပြန်လည်ပေးအပ်ခြင်း (သို့မဟုတ်) သင့်တင့်မျှတသည့် လျော်ကြေးများပေးခြင်း အစရှိသည်တို့ကို လျှင်မြန်စွာ ဖြေရှင်းဆောင်ရွက်ရန်။

**ရေရရှိခွင့်**

- ရေလှောင်တမံများ တည်ဆောက်ခြင်း၊ ရပ်ရွာတွင်း အခြေခံအဆောက်အအုံများ မွမ်းမံခြင်း၊ မသန့်ရှင်းသော ရေအရင်းအမြစ်များရှိသည့် ရပ်ရွာများအတွက် အခြားနည်းလမ်းများ (မိုးရေလှောင်ကန်များ၊ ပိုက်နှင့် ရေသွယ်ခြင်း၊ ရေသန့်စင်စနစ်များ အပါအဝင်) ဖြင့်သန့်ရှင်းသော ရေရှိရန် စသည်တို့အတွက် မြေနေရာများ ချပေးရန်။

- တိုင်ကြားမှု စီမံကိုင်တွယ်ခြင်း ပုံစံအပါအဝင် ထိရောက်သည့် ရေအရည်အသွေး ထိန်းသိမ်းမှု၊ ပြည်သူလူထုကို သန့်ရှင်းသောရေ ပေးဝေနိုင်ရန်တို့အတွက် အမျိုးသားရေရရှိရေးမူဝါဒနှင့် ဥပဒေဆိုင်ရာ စာရွက်စာတမ်းများကို လိုက်နာကျင့်သုံးပါရန်။

- ရေအရင်းအမြစ်များအား ကာကွယ်စောင့်ရှောက်ခြင်း၊ ရေဖြုန်းတီးမှုလျှော့ချခြင်း၊ သစ်တောများအား ထိန်းသိမ်းခြင်းများကို နားလည်သဘောပေါက်လာစေရန် အသိပညာပေးမှုများ ပိုမိုဆောင်ရွက်ပါ။ ရေနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲရေးနည်းစနစ်များနှင့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်

[24] ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် စစ်တပ်မှ မြေယာများ သိမ်းယူခဲ့သည့်အပေါ်တွင် တောင်းပန်မှုပြုလုပ်ကာ၊ ထိုအလေ့အကျင့်အားရပ်တန့်မည်ဖြစ်ကာ သက်ဆိုင်ရာ လယ်သမားများထံသို့ မြေယာအချို့ကို ပြန်လည်အပ်နှံမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပတ်သက်သော သတင်းအချက်အလက်များကို ရပ်ရွာလူထုအားလုံးဆီသို့ အသေအချာရောက်ရှိစေရေးဆောင်ရွက်ရန်။

- ရေနှင့်ဆိုင်သည့် စီမံခန့်ခွဲရေးနည်းစနစ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ဖြန့်ဝေပြီး အများပိုင်ရေအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် ထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်သည့် နည်းပညာ စွမ်းရည်များ ပံ့ပိုးပေးရန်။

**တရားဝင် အထောက်အထားတစ်ခု ရှိပိုင်ခွင့်၊**

- တိုင်ကြားမှု စီမံကိုင်တွယ်ခြင်း ပုံစံအပါအဝင် လူအားလုံး မွေးစာရင်းအထောက်အထား ရရှိနိုင်ရန် ရိုးရှင်းပြီး ထိရောက်သည့် မွေးစာရင်း မှတ်ပုံတင်ခြင်းစနစ်ကို ရေးဆွဲရန်။

- မွေးစာရင်း အထောက်အထားများ (နိုင်ငံသားစီစစ်ရေးကဒ်ပြား (CSC )နှင့် ချိတ်ဆက်မှု အပါအဝင်) သည် အရေးကြီးကြောင်း သိနားလည်မှုများ မြှင့်တင်ဆောင်ရွက်ပေးရန်။ မွေးစာရင်း မှတ်ပုံတင်ခြင်းနှင့် ဆက်စပ်သည့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများကို နားလည်လာစေရန် မြှင့်တင်ဆောင်ရွက်ရန်။

- မွေးစာရင်းမှတ်ပုံတင်ခြင်းနှင့် နိုင်ငံသားစီစစ်ရေးကဒ်ပြားများ (CSC) ပြုလုပ်ပေးရာတွင် မသန်စွမ်းသောကလေးငယ်များ၊ ကျောင်းတွင်းနှင့် ကျောင်းပြင်ပရှိကလေးငယ်များ၊ ကယ်ဆယ်ရေးစခန်းများရှိ ကလေးငယ်များနှင့် ဝေးလံခေါင်ဖျားဒေသများရှိ ကလေးငယ်များပါ ပါဝင်နိုင်ရန် သေချာစွာအားထုတ်ဆောင်ရွက်ရန်။

**နိုင်ငံသားဖြစ်ခွင့်**

- တိုင်ကြားမှု စီမံကိုင်တွယ်ခြင်း ပုံစံအပါအဝင် လူအားလုံး နိုင်ငံသားစီစစ်ရေးကဒ်ပြား (CSC) ရရှိနိုင်ရန် ရိုးရှင်းပြီး ထိရောက်သည့် စနစ်ကို ရေးဆွဲရန်။

- နိုင်ငံသားစီစစ်ရေးကဒ်ပြားရှိခြင်းသည် အရေးကြီးကြောင်း သိရှိနားလည်မှု မြင့်တက်လာစေရန်နှင့် မွေးစာရင်းနှင့် နိုင်ငံသားစီစစ်ရေးကဒ်ပြားရရှိရေးနှင့် သက်ဆိုင်သည့် (ကဒ်ပြားဆောင်ရွက်မှုအတွက် တန်ဖိုးမည်မျှ ဖြစ်သင့်သည်၊ စာရွက်စာတမ်းများထုတ်ပေးရန် မည်သူ့တွင် တာဝန်ရှိသည်၊ အငြင်းပွါးမှုများ/ ပြဿနာများ ပေါ်ပေါက်လာပါက မည်သို့ပြုလုပ်ရမည် စသည်တို့အပါအဝင်) လုပ်ထုံး

လုပ်နည်းများနှင့် ဥပဒေများကို ပိုမိုနားလည် သဘောပေါက်လာစေရန်တို့အတွက် ဘာသာရေး ခေါင်းဆောင်များအပါအဝင် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် အတူတကွ လက်တွဲဆောင်ရွက်ရန်။

- လူတိုင်း (မိုးပွင့်စီမံကိန်းကဲ့သို့) သက်ဆိုင်သည့် လူထုလှုံ့ဆော်ပွဲများတွင် ပါဝင်နိုင်ရန်နှင့် သတင်း အချက်အလက်များ သိရှိရန်အတွက် လိုအပ်သော ပံ့ပိုးမှုများဆောင်ရွက်ပေးရန်။

**အမျိုးသမီးများ၏ အခွင့်အရေး**

- နစ်နာမှုများ ဖြစ်ပေါ်စေသည့် ယဉ်ကျေးမှု၊ လူမှုရေး စံသတ်မှတ်ချက်များအား ဆန့်ကျင်ပြီး အမျိုးသမီးများ ၎င်းတို့၏အခွင့်အရေးကို အပြည့်အဝရှိစေရန် ကာကွယ်ပေးသည့် အလေ့အကျင့် များ ပါဝင်သည့် နိုင်ငံတော်အဆင့် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ကို ရေးဆွဲရန်။

- လူထုဘဝနှင့် နိုင်ငံရေးကဏ္ဍများတွင် အမျိုးသမီးများပါဝင်နိုင်မှုအတွက် အဓိကအဟန့်အတားများ အား ဖော်ထုတ်ရန် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လက်တွဲ ဆောင်ရွက်ရန်။

- နိုင်ငံတော်အဆင့်နှင့် ပြည်နယ်၊ တိုင်းဒေသကြီးဆိုင်ရာ အစိုးရအဖွဲ့များတွင် အမျိုးသမီး အရေ အတွက် အနည်းဆုံး ၃၀% အား ဆုံးဖြတ်ချက်ချသည့် ရာထူးများတွင် ပါဝင်ရမည်ဟူသော ပြဌာန်း ချက်များပါဝင်သည့် အချိုးကျစနစ်အား အကောင်အထည်ဖော်ရန်နှင့် ထိုစည်းမျဉ်းစည်းကမ်းနှင့် အညီ ဆောင်ရွက်မှုရှိစေရန်နှင့် ဆက်လက်ဆောင်ရွက်မှု သေချာစေရန် စောင့်ကြည့်လေ့လာမှုစနစ် တစ်ခုအား ဖော်ဆောင်ရန်။

- အမျိုးသားများနှင့် အမျိုးသမီးများ အားလုံးအတွက် လူကုန်ကူးမှု တိုက်ဖျက်ရေး ဥပဒေများ လက်ခံ ကျင့်သုံး အကောင်အထည်ဖော်ရန်။

- အမျိုးသမီးများ တန်းတူညီမျှ လုပ်ခလစာရရှိရေးကို ထည့်သွင်းရန်အတွက် တူညီသော အလုပ် အကိုင်အခွင့်အလမ်းရရှိရေးနှင့် သက်ဆိုင်သည့် ဥပဒေဆိုင်ရာ စာရွက်စာတမ်းများအား ပြန်လည် ပြုပြင်ရန်။